**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၆၄ /၂၀၁၇**

၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**အဆိုပြုချက်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၁၄၉ အရ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားလွှာများအား လေ့လာသုံးသပ်ရာတွင် ကော်မရှင်အား ကူညီရန်နှင့် အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရေးအတွက် အဆိုပြုချက်စိစစ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဦးဆန်းမြင့် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဒေါက်တာဆန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂ) ဦးအောင်ကိုကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဒေါ်ဌေးဌေးစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(စ) ဦးစိုးလွင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ဦးသက်နိုင်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ဒေါ်ခင်ယမုံအောင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ဒေါ်မိမိတင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ အဆိုပြုချက်စိစစ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ၊ နည်းဥပဒေ ၆၄ နှင့်အညီ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံလိုသူသည် နိုင်ငံတော်၏ ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း ရှိ၊မရှိ စိစစ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ခွင့်ပြုမိန့် လိုအပ်သည့် လုပ်ငန်း ဟုတ်၊ မဟုတ် စိစစ်ခြင်း၊

(ဂ) အဆိုပြုချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများနှင့် လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမည့် အချက်များကို လိုက်နာမှု ရှိ၊ မရှိ စိစစ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝအရင်းအမြစ်များအား ထိရောက်သော နည်းပညာနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာတို့ဖြင့် ကျင့်သုံးဆောင်ရွက်မှု ရှိ၊မရှိ စိစစ်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ငွေကြေးထည့်ဝင်နိုင်ခြင်း ရှိ၊မရှိ စိစစ်ခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူ၊ တွဲဖက်လုပ်ကိုင်သူနှင့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတို့သည် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် စီးပွားရေးလောကတွင် ဂုဏ်သတင်းကောင်းမွန်ခြင်း ရှိ၊မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများမှ ထုတ်ပြန်ထားသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု မူဝါဒရည်မှန်းချက်များအပေါ် အကျိုးသက်ရောက်မှု ရှိ၊မရှိ စိစစ်ခြင်း၊

(ဇ) လုပ်ငန်းသဘာဝအပေါ် မူတည်၍ လျှပ်စစ်ပိုင်းဆိုင်ရာ သုံးစွဲမည့် ပမာဏ ကိုက်ညီမှု ရှိ၊မရှိနှင့် အဆိုပြုလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်မှု အခြေအနေများအား စိစစ်ခြင်း၊

(ဈ) ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်း၊ စက်အရန်ပစ္စည်းနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား စိစစ်ခြင်း၊

(ည) အဆိုပြုချက်တွင် လက်ခန့်မှန်းထားများ၊ လစာနှုန်းထားများ ဆီလျော်မှု ရှိ၊မရှိ စိစစ်ခြင်း၊

(ဋ) အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်းများအား စိစစ်ခြင်း၊

(ဌ) အခွန်အကောက်ဆိုင်ရာကိစ္စရပ်များအား စိစစ်ခြင်း။

(ကျော်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ မရက-၆/၁/၂၀၁၇ ( ၁၆၈၃ )

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
သက်ဆိုင်ရာအဖွဲ့ဝင်များအားလုံး
ရုံးလက်ခံ/မျှောစာတွဲ

အမိန့်အရ

(အောင်နိုင်ဦး)
အတွင်းရေးမှူး